www.burmeseclassic.com

# သာသနာ့အောင်မြေ



## အလောင်းတော်ကဿပ သမိုင်းနှင့်ထူးခြားဖြစ်စဉ်များ

သဏ္ဍာကိုလေးကြည်

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးဂုဏ်အင် မှတ်တမ်းတင်

၁။ ဘဒ္ဒန္တသုမန (အလောင်းတော်ကဿပနာယကဆရာတော်)၊ ပုပ္ပါးကျောင်း ဖိုဝင်တောင်

၂။ ဘဒ္ဒန္တဝါယမိန္ဒ (ကနီဆရာတော် - လှသိန်းဝင် ကနီ)

၃။ ဘဒ္ဒန္တနာဂသေန (စာဆိုရှင် နာဂကျော်ရင်)၊ သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်၊ ရန်ကုန်မြို့။

၄။ ဘဒ္ဒန္တဝိစိတ္တ - ပေါက်စေတီ၊ မဟာအောင်မြေကျောင်း၊ ဖိုဝင်တောင်

BURMESE CLASSIC .com

၅။ ကျေးဇူးရှင်မိဘနှစ်ပါး နှင့်

၆။ ဆရာသခင်ကျေးဇူးရှင်များကို ဦးထိပ်ထားလျက် စာအုပ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော

- ကိုမောင်မောင်စိုး - လွင်ရတနာစိုး ပွဲဒီယို-ဓာတ်ပုံ-ကွန်ပျူတာ မိသားစု၊ ယင်းမာပင်မြို့။
- ကိုထွန်းဝေ၊ ကိုအေးမင်းချစ် (စံပယ်ဦးဓာတ်ပုံ) ဖိုဝင်တောင်၊
- ကိုငွေးအောင် + မအေးအေးခိုင် (အောင်သဗ္ဗုစတိုး)၊ ရွှေပြည်သာ၊ ရန်ကုန်မြို့။

တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။

သလ္လာ - ကိုလေးကြည်

www.burmeseclassic.com

www.burmeseclassic.com

သိစေလို၊ မြင်စေလို၊ ဖူးစေလို

သဒ္ဓါပွားစေလို၍

အလောင်းတော်ကဿပ

သမိုင်းစာအုပ်ကို

ပူဇော်ပါသည်။

သလ္လာကိုလေးကြည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်အရှင်မဟာကဿပစံကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com

# အရှင်မဟာကဿပ၏ထေရုပ္ပတ္တိ


## ဆုမြတ်တောင်းခံ ဗျာဒိတ်ပန်

လွန်ခဲ့သောကမ္ဘာ တစ်သိန်းအထက် ပဒုမုတ္တရဘုရားရှင် ဟံသာဝတီပြည်ခေမာဥယျာဉ်တော်၌ သီတင်းသုံးတော်မူစဉ် ဝေဒေဟသူကြွယ် ဇနီး မောင်နှံ တို့သည် ဘုရားရှင်အား ဖူးမျှော် ကြည်ညိုရန် ရောက်ရှိခဲ့ ပါသည်၊ ပဒုမုတ္တရ ဘုရားရှင်သည် အရှင်နိသဘ မထေရ်အား ဓုတ ဓရ ဧတဒဂ် တတိယမဟာ သာဝက ဘွဲ့ထူးများကိုပေးတော်မူခဲ့သည်။

ဝေဒေဟသူ ကြွယ်သည် တတိယ သာဝကဧတဒဂ် ရသော အရှင်နိသဘ မထေရ်မြတ်ကို အားကျမိ ခဲ့-လေသောကြောင့် ဘုရားရှင် နှင့် တကွ သံဃာတော် ခြောက်သန်းတို့အား အိမ်သို့ပင့်ဖိတ်ပြီး သင်္ကန်း (၃)ထည်နှင့် ဆွမ်းဘောဇဉ် တို့ကို ဆက်ကပ် ပြုလုပ်ခဲ့သောကုသိုလ်စေတနာအကျိုးအားကြောင့် အရှင်နိသဘ မထေရ်ကဲ့သို့သော ဓုတ ဓရဧတဒဂ် တတိယသာဝက ဆုကို တောင်းခံ တော်မူလေတော့သည်။

ထိုအခါ ပဒုမုတ္တရ ဘုရားရှင်သည် ဝေဒေဟ သူကြွယ် ၏ သဒ္ဓါတရားကို စောင့်ရှောက်သော အားဖြင့် ဝေဒေဟ သူကြွယ် သည် ဤကမ္ဘာ မှစ၍ နောက်ကမ္ဘာ တစ်သိန်းမြောက် ဘဒ္ဒကမ္ဘာ ၌ ဂေါတမဘုရား ပွင့်တော်မူလတ္တံ့ ထိုအခါ သင်သည် ဂေါတမ ဘုရားရှင် သာသနာတော်၌ မဟာကဿပအမည်တော်ရ၍ ဓုတင်ဆောင်ဧတဒဂ် တတိယမဟာသာဝက ဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူ လိုက်သည်။

www.burmeseclassic.com



ပဒုမုတ္တရာဘုရားရှင်သည် အရှင်နိသဘမထေရ်အား တတိယသာဝကအဖြစ်ပေးတော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်တည်ခဲ့ရ လူ့ဘဝ

ဂေါတမဘုရား ပွင့်တော်မူသောအခါ မာဂဓတိုင်း ကဿပအနွယ်ဝင်ဖြစ်သော ပုဏ္ဏား မျိုး၌ ပိပ္ပလိ အမည်ဖြင့် ဖွားမြင်လာခဲ့လေသည်။ အရွယ်ရောက်လေသောအခါ မဒ္ဒရာဇ်တိုင်း သာဂလမြို့သူ ဘဒ္ဒကပိလာနီ နှင့် မိဘများက အိမ်ထောင်ချ ထိမ်းမြားစေခဲ့သည်။

BURMESE CLASSIC .com

## မဂ်ဖိုလ်ရည်မှန်း တောထွက်ခန်း

မိဘနစ်ပါး ကွယ်လွန်ပြီးနောက် ပိပ္ပလိ နှင့် မယ်ဘဒ္ဒါတို့ ဇနီး မောင်နှံသည် ရဟန်းရဟန်းမပြုရန် အကြံရလျက် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ပြီး ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်ရုံ၍ တောထွက်ခဲ့ကြသည် လမ်းဆုံ တစ်နေရာတွင် ပိပ္ပလိက လက်ယာဘက်လမ်း၊ မယ်ဘဒ္ဒါကလက်ဝဲလမ်းကိုလိုက်၍ လမ်းခွဲလိုက်ကြသည်။ ထိုစဉ် ပိပ္ပလိ နှင့် မယ်ဘဒ္ဒါ တို့၏ပါရမီ ဟုန်ကြောင့် မဟာပထဝီ မြေပြင်ကြီး-တုန်ဟီ ပဲ့တင် သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိမ္ဖလိလုလင် နှင့် မယ်ဘဒ္ဒါ

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားကြိုဆို – မြတ်ပုဂ္ဂိုလ်

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း ကိန်းအောင်စံပျော် သီတင်းသုံးတော်မူစဉ် မဟာပထဝီမြေကြီး တုန်လှုပ်သံကို ကြားတော်မူ၍ "အဘယ်သူ့အတွက် မဟာပထဝီမြေကြီးတုန်လှုပ်သနည်း" ဟုဆင်ခြင်တော်မူသည်ရှိသော် "ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီ အမျိုးသမီးတို့သည် ငါဘုရားကို ရည်ညွှန်း၍ ရဟန်းပြုခဲ့ကြကုန်ပြီး" "ထိုသူနှစ်ဦး တို့၏ခွဲခွာရာအရပ်၌ နှစ်ဦးလုံးတို့၏ဂုဏ်ကျေးဇူးအစွမ်းကြောင့် ဤမဟာပထဝီမြေကြီးလှုပ်ခြင်းဖြစ်လေသည်။ ငါဘုရားသည်လည်း ထိုသူနှစ်ဦးတို့ကို ချီးမြှောက်မှုပြုမှ သင့်လျော်လျောက်ပတ်တော့မည်" ဟုဆင်ခြင်တော်မူ၏ ကိုယ်တော်တပါးတည်းသာ သုံးဂါဝုတ်ခရီးတိုင်အောင် ကြိုဆိုမှုပြုတော်၍ ရာဇဂြိုလ်ပြည်နှင့် နာလန္ဒာမြို့၏ အကြား ဗဟုပုတ္တကမည်သော ပညောင်ပင်အရင်း၌ တခဲနက်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူကာ သတင်းသုံးတော်မူလေသည်။

အရှင်မဟာကဿပမထေရ်သည် "ဤအရှင်မြတ်သည် ငါ၏ဆရာမြတ်စွာဘုရား ဖြစ်ပေလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ မြတ်စွာဘုရားကို အဝေးအရပ်မှ တစ်ကြိမ်၊ မနီးမဝေးရပ်မှာတစ်ကြိမ်၊ အနီးအရပ်မှတစ်ကြိမ် ရှိခိုးပြီးလျှင် "မြတ်စွာဘုရားသည် ကျွန်ုပ်ဆရာဖြစ်တော်မူပေ၏ ကျွန်ုပ်သည်တပည့်သာဝကဖြစ်ပါ၏" ဟုသုံးကြိမ်တိုင် နှုတ်မြွက်၍ တပည့်အဖြစ်ကိုခံယူလေ၏။

မြတ်စွာဘုရားသည် "ချစ်သားကဿပ • • • • •ထိုင်လော၊ သင်ချစ်သားအား ငါဘုရားသည် အမွေးကိုပေးတော်မူအံ့" ဟုမိန့်တော်မူပြီးလျှင် အဆုံးအမဩဝါဒသုံးပါးကို ပေးတော်မူလေသည်။ အရှင်မဟာကဿပလည်း ရှိသေစွာခံယူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် မှ အရှင်မဟာကဿပအလောင်းအား ကြိုဆိုပုံ

www.burmeseclassic.com

www.burmeseclassic.com

# မြတ်စွာဘုရား အရှင်မဟာကဿပအား ပေးတော်မူသောအဆုံးအမ

## ဩဝါဒသုံးပါး

၁။ "ချစ်သားကဿပ သင်ချစ်သားသည် သီတင်းကြီးပုဂ္ဂိုလ် မိမိထက်အသက်သိက္ခာကြီးသောပုဂ္ဂိုလ် သီတင်းငယ်ပုဂ္ဂိုလ်၊ မိမိအောက်အသက်သိက္ခာငယ်သောပုဂ္ဂိုလ်၊ သီတင်းလတ်ပုဂ္ဂိုလ်၊ မိမိနှင့်အသက်သိက္ခာ တူညီသောပုဂ္ဂိုလ်၊ ဤသီတင်းသုံးဖော်သုံးမျိုးလုံး၌ပင် အလွန်ထက်သန်သော ဟိရိဩတ္တပ္ပတရားနှစ်ပါးကို အလျင်လက်ဦး ဖြစ်ပွားစေရမည်၊ ထားရှိရမည်" (ပထမဩဝါဒကို ဇာတိမာန်ကို ပယ်ဖို့ရန်ဟောကြားတော်မူ သည်။)

၂။ "ချစ်သားကဿပ သင်ချစ်သားသည် အပြစ်ကင်းသောတရားများကို တရားနာစဉ်ပြင်လွင်တခြား စိတ် မသွားစေဘဲ အစ၊ အလယ်၊ အဆုံး၊ သုံးဌာနမှာပင် ပညာနား၊ ပသာဒနား နှစ်ပါးစိုက်ထောင်၍ ရိုသေစွာ နာယူရမည်။" (ဤဒုတိယဩဝါဒကို အရှင်မဟာကဿပမထေရ်မှာ ဗဟုသုတအကြားအမြင်များသူဖြစ်၍ ယင်းအကြားအမြင်များမှုကိုအမှီပြု၍ဖြစ်တက်သော ငါတလူလူ-မာန်မှုကို ပယ်ဖို့ရန်ဟောကြားတော်မူသည်။)

၃။ "ချစ်သားကဿပ သင်ချစ်သားသည် ကာယဂတာကသိ၊ အာနာပါနအာရုံတို့၌ဖြစ်သည့် သုခဝေဒနာ ယှဉ်ဖက်ပါသော ပထမစျာန် မိမိသန္တာန်၌ စွန့်ခွာ၍ မသွားအောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်ရမည်။"
(ဤတတိယဩဝါဒကို အရှင်မဟာကဿပမထေရ်မှာ ဥပမိနှင့်ပြည့်စုံတင်တယ်သူဖြစ်၏ ယင်းဥပမိနှင့်ပြည့်စုံ မှုကိုအမှီပြုကာ ဖြစ်ပေါ်လာမည့် မိမိကိုယ်ကို ချစ်ခင်တယ်တာမှု တဏှာလောဘကို ပယ်ဖို့ရန်ဟောကြား တော်မူသည်။)

ဤဆုံးမဩဝါဒသုံးပါးသည်ပင် အရှင်မဟာကဿပအတွက် ရှင်ပြုခြင်းလည်းဖြစ်၏၊ ရဟန်းခံခြင်းလည်းဖြစ်၏၊ ဤရဟန်းခံခြင်းမျိုး ကို ဤသာသနာတော်၌ အရှင်မဟာကဿပမထေရ်တပါးသာရတော်မူ၏။ (ဤရဟန်းခံခြင်းမျိုးကို ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါ ဟုခေါ်၏)

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်နှင့် ဥကုဋ်သတ်နိုးလေလှူယ်ပုံကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com

## ဒုကုဋ်သင်္ကန်း လဲလှယ်ခြင်း


အရှင် မဟာ ကဿပရဟန်း ဖြစ်ပြီးနောက် ဘုရားရှင်နှင့် အတူဝေဠုဝန်ကျောင်းသို့ ပြန်ကြွတော်မူလာရာ လမ်းခရီး၌၊ဘုရားရှင် နားလိုသည်ကိုသိ၍ ပခုံးထက်၌ တင်လာသော ကမ္ဗလာဒုကုဋ်သင်္ကန်းကို လေးထပ်ခေါက်ခင်း ပေးတော်မူသည် ဘုရားရှင်ထိုင်တော်မူရင်း ဒုကုဋ် သင်္ကန်းကြီးအား လက်ဖြင့် သုံးသပ်လျှက်

"သင်၏ဒုကုဋ်သင်္ကန်းတော်သည် နူးညံ့ပေစွ "ဟုချီးမွမ်းတော်မူသည်

အရှင်မဟာ ကဿပသည် ဤဒုကုဋ်သင်္ကန်း ကို ငါလှူဒါန်းအံ့ဟု အကြံရလျှက် ဘုရားရှင် အားလှူဒါန်းတော်မူသည် ဘုရားရှင်ကလည်း ပခုံးထက်မှ ပံ့သကူဒုကုဋ်သင်္ကန်းတော်ကို အရှင်မဟာကဿပ အား ချီးမြှောက်တော်မူသည် ထိုသို့ချီးမြှင့်တော်မူ ခြင်း မှာ အရှင် မဟာကဿပ အား ကိုယ်စားတော် အရာထားသောအားဖြင့်ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ဤသို့ချီးမြှင့်ခံရသူမှာ ဤသာသနာ၌ အရှင်မဟာကဿပ တစ်ပါးသာရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုကုဋ်လက်နိုး လဲလှယ်တော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com

# ဒုက္ခ၌သက်နီး လဲလျောင်းရခြင်း အကြောင်းအရင်း


အဘယ်ကြောင့် သက်နီးချင်းလဲလှယ်တော်မူရသနည်းဟူမူ၊ အထေရ်မြတ်ကို ကိုယ်တော့်အရာ၌ထားတော်မူလိုသောကြောင့် လဲလှယ်တော်မူ၏။

"ကိုယ်တော်အရာ၌ ထားတော်မူရန် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ မရှိကြဘူးလော" ဟုမေးဖွယ်ရှိပြန်၏၊ အဖြေကား မရှိမဟုတ်ရှိကြပါ၏။ သို့တော်မြတ်စွာဘုရား၏ စိတ်တော်အစဉ်ဝယ် ဤသို့အကြံဖြစ်လေသည်။ "သာရိပုတ္တရာ၊ မောဂ္ဂလာန် တို့သည် ကြာမြင့်စွာတည်ကြလိမ့်မည်မဟုတ်ကုန်၊ ငါဘုရား၏ အလျင် ပရိနိဗ္ဗာန်စံကြလိမ့်မည်။ ကဿပသည်ကား အသက်နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်ရှည်ပေလိမ့်မည်။ သူသည် ငါဘုရားပရိနိဗ္ဗာန်စံပြီးနောက် လေးလမြောက်ဝယ် စရည်းပင်ပေါက်ရောက်ရာ လိုင်ဂူ၌ ဓမ္မ၊ ဝိနယ နှစ်ပါးကို သင်္ဂါယနာတင်ပြီးလျှင် ငါးဘုရား၏ သာသနာတော်ကို နှစ်ပေါင်းငါးထောင်ကာလကြာ လည်နိုင် ဖြစ်နိုင်အောင် ပြုစုပေလိမ့်မည်ဟု သိမြင်တော်မူတော်ကြောင့် မထေရ်မြတ်ကို ကိုယ်တော်အရာ၌ ထားတော်မူလျှင် ရဟန်းတို့သည် မထေရ်မြတ်အပေါ်၌ ရိုသေကျိုးနွံမှုပြုကြပေလိမ့်မည်" ဟုဆင်ခြင်တော်မူမိသဖြင့် မထေရ်မြတ်ကိုကိုယ်တော်အရာ၌ ထားတော်မူလိုရင်ဖြစ်သည်။ ယင်းသို့ မထေရ်မြတ်ကို ကိုယ်တော်အရာ၌ ထားတော်မူလိုသောကြောင့် သက်နီးချင်းလဲလှယ်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓုတင် ဧတဒဂ် တတိယမဟာသာဝက အရှင်မဟာကဿပမထေရ်

www.burmeseclassic.com

www.burmeseclassic.com

## ဧတဒဂ်ရ ရဟန္တာ ထေရ်မြတ်မဟာ

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်ရောက်သောအခါ အရှင်မဟာ ကဿပ အား၊ ဓုတင်တစ်ဆယ်သုံးပါးအကျင့်တရားကိုဟောကြားတော်မူသည်။


အရှင်မဟာ ကဿပ သည် ပုထုဇဉ်အဖြစ် ခုနစ်ရက်နှင့်ရှစ်ရက်မြောက်နေ့အရုဏ်တက်ချိန်တွင် အရဟတ္တမဂ် ကို ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်ရောက်တော်မူသည်။

“ရဟန်းတို့ငါဘုရား၏ တပည့်ရဟန်းများတွင်ဓုတင်ဆောင်ရာ၌ ဤ မဟာကဿပ သည် အမြတ်ဆုံး၊ အသာဆုံးပေတည်း” ဟု ဓုတင် ဧတဒဂ် ကိုပေး၍ တတိယသာဝက အရှင်မဟာကဿပ ဟုအမည်ကိုပေးတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတင် ထေဒဂ်ရ တတိယမဟာသာဝက အရှင်မဟာကဿပမထေရ်

www.burmeseclassic.com

www.burmeseclassic.com

## သေချာမှတ်သားရမည့် ကြည့်ညိုဖွယ်ဂုဏ်ထူးများ

၁။ – အရှင်မဟာ ကဿပ မထေရ်လောင်း ရဟန်း ပြုရန် တောထွက်လာစဉ် ဘုရားရှင်ကိုယ်တော်တိုင် ခရီးဦးကြိုဆို ချီးမြှောက်မှုကိုခံရခြင်း၊

၂။ – ရဟန်းပြုပြီးနောက် ကဿပ များစွာ ရှိနေတဲ့အတွက် အမျိုးအနွယ်အစွဲပြု၍ အရှင် မဟာကဿပဟု ဘွဲ့တော် ပေးချီးမြှင့်ခံရခြင်း၊

၃။ – ဘုရားရှင်သည် အရှင် မဟာကဿပ အားကိုယ်စားတော် အရာထားလိုသည့် အတွက် ဘုရားရှင်ဝတ်ရုံတော် မှုသော ပံ့သကူ ဒုကုဋ် သင်္ကန်းကို အရှင်မဟာကဿပ၏ ဒုကုဋ်သင်္ကန်းတော် နှင့်လဲလှယ် ဝတ်ရုံတော်မူခြင်း၊

၄။ – ဓုတင်ဆောက်တည်မှုအရာတွင် ဧတဒဂ် ဘွဲ့ထူးချီးမြှင့်ခံရခြင်း၊

၅။ – ဘုရားရှင်ပရိနိဗ္ဗာန် ပြုသည့်အခါတွင် အရှင်မဟာ ကဿပ မထေရ်မြတ် ဖူးမျှော်ပြီးမှသာ စေတကာ မီးလောင် ကျွမ်း တော်မူခြင်း၊

၆။ – ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက် ဘုရားရှင် ဟောတော်မူ ခဲ့သော ဓမ္မဝိနယ များသည် မသီကုံး ရ သေးသော ပန်းများသဖွယ် ဖြစ်နေခဲ့ပါသည် မသီကုံးရသေး သော ဓမ္မဝိနယများကို အမျိုးတူရာတူရာ ပေါင်းစု၍ သီးကုံးပြီး ပန်းသဖွယ် ဖြစ်အောင် သာသနာ့ ဒါယကာ အဇာတသတ်မင်းကြီး ၏ ပစ္စည်းလေးပါး အထောက်အပံ့ရယူ ပြီး ရဟန္တာငါးရာတို့နှင့်အတူ ပထမသင်္ဂါယနာ တင်တော်မူခဲ့ခြင်း၊

၇။ – အရှင်မဟာ ကဿပ သည် သက်တော်(၁၂၀)တွင် ပရိနိဗ္ဗာန် ပြုခဲ့ပါသည်။ အရှင်မဟာကဿပ၏ ရုပ်အလောင်း တော်သည် အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူပြီး မီးသင်္ဂြိုလ်မှ တေဇောဓာတ်လောင်ကျွမ်းမည်ဖြစ်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်ဂူတော်ဖူးမျှော်သူများ စည်ကားစွာတွေ့မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com

## ထေရ်မြတ်ရဟန်း ပရိနိဗ္ဗာန်စံခန်း

အရှင်မဟာကဿပမထေရ်ကြီးသည် ပုဗ္ဗေနိဝါသ ဉာဏ်၊ အနာဂတံသ ဉာဏ် တော်တို့ကို ဖြန့်ကျက်၍ ဆင်ခြင်တော်မူရာ သလ္လာဝတီ (ချင်းတွင်း) မြစ် အနောက်ဘက် - ဝေဘူလ - ဝေဘာရ - သုနန္ဒရ တောင်သုံးလုံး ဆုံရာ အရပ်တွင် အတိတ်ဘဝက ရသေ့ ညီနောင် သုံးပါး တရားကျင့် ကြစဉ် ထားရှိ ခဲ့ကြသော (နောင်တော်ကြီး ဂေါတမဘုရား ပရိနိဗ္ဗာန်စံသော အခါ ကျွန်ုပ် အရှင်မဟာ ကဿပ ကမီးသင်္ဂြိုလ်မှသာလျှင်တေဇောဓာတ်လောင်ကျွမ်းပါစေကျွန်ုပ်အရှင်မဟာကဿပ ပရိနိဗ္ဗာန် စံဝင်သောအခါနောင်တော်ငယ် အရိမေတ္တေယျ ဘုရားက သင်္ဂြိုလ်မှသာ တေဇောဓာတ် လောင်ကျွမ်းပါစေ) ဟူသောကတိသစ္စာ အရ နောင်တော်ကြီးဂေါတမဘုရားရှင်နှင့်ထားခဲ့သောကတိသစ္စာကို ယခုအခါပြီး ပြည့်စုံခဲ့လေပြီ နောင်တော်ငယ် အရိမေတ္တေယျ ဘုရား နှင့် ထားခဲ့သော ကတိသစ္စာကျန်နေပေသည် ငါ၏ခန္ဓာသည် ယခု တေဇောဓာတ်မလောင်ကျွမ်းနိုင်သေး နောင်တော်ငယ် အရိမေတ္တေယျ ဘုရားပွင့်တော်မူသောအခါမှ သာလျှင် တေဇောဓာတ်လောင်ကျွမ်းမည်ကိုသိတော်မူလေသည်။

ထို့ကြောင့် မြန်မာပြည်အထက်ပိုင်း (တမ္ဗဒီပတိုင်း) သလ္လာဝတီ (ချင်းတွင်း)မြစ် အနောက်ဘက် ကနီမြို့နယ်ဝေဘူလ - ဝေဘာရ - သုနန္ဒရ တောင်သုံးလုံးဆုံရာ အောက်တွင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပါသည်။



www.burmeseclassic.com


www.burmeseclassic.com



အလောင်းတော်အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုတော်မူပုံ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းစေတီဘုရား



ဆုတောင်းပြည့်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

## အံ့ဖွယ်အထွေထွေ – စံရာမြေ


၁။ – အရှင်မဟာကဿပ – ပရိနိဗ္ဗာန်စံ တော်မူရာ – အလောင်းတော် ကဿပ စံရာမြေတွင်ထူးခြားအံ့သြ ဖွယ်ရာ ဖြစ်စဉ်များစွာ ရှိခဲ့ပါသည်။ ထိုဖြစ်ရပ်များထဲ မှ လက်လှမ်းမှီသမျှ တင်ပြရမည် ဆိုလျှင်အရှင် မဟာ ကဿပ မထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်ရာလိုဏ်ဂူဝတွင် ပိတ်လျှက်ရှိသော ကျောက်တံခါး သည်(၁၃၇၂)ခုနှစ် တပိုတွဲ လပြည့် သောကြာ နေ့ နေ့လည် (၁)နာရီခန့်တွင် ဖွင့်ဟခဲ့သည်အတွက် ဖူးခွင့်ကြုံ ၊ လှူခွင့်ကြုံ သူများ ဖူးမျှော် လှူဒါန်းလိုက်ကြရပါသည်။

၂။ – လိုဏ်ဂူဝတွင် နှစ်ပေါင်းများစွာက ကန့်လန့်တည်ရှိနေသော လုံးပတ်သုံးပေခွဲခန့် ကျွန်းတုံးကြီး ကို တာဝန်ရှိသူများက ၂၀၁၀ မတ်လတွင် ရှင်းလင်းဖယ်ရှား စေခဲ့ပါသည်၊ ရှင်းလင်းဖယ်ရှားပြီး နောက်နှစ် ပွင့်လင်းရာ သီတွင် ဖယ်ရှားလိုက်သောကျွန်းတုံးကြီးကဲ့သို့လုံးပတ်တူ တည်နေရာတူ ကျွန်းတုံးကြီး ပြန်လည် ရောက်ရှိနေသည်ကို အံ့သြဖွယ်တွေ့မြင်ရသည်၊


၃။ – အဇာတသတ် မင်းကြီး သစ္စာမိဋ္ဌာန် ကြောင့် ဖြစ်ပေါ်လာသော သစ္စာ ရေတွင်း သည် များလှ စွာသော ဘုရားဖူးများ သောက်သုံး သယ်ဆောင် ကြသော်လည်း သစ္စာရေများကတော့ လျှော့လည်း မသွား၊ ထပ်၍လည်း တိုးမလာသည်မှာ ကမ္ဘာ့အံ့ဖွယ်ဟူ ၍ ပင်ဆိုလောက်ပါပေသည်။

၄။ – အဇာတသတ်မင်းကြီးသည် အရှင်မဟာကဿပ ပရိနိဗ္ဗာန် စံရာမြေမှ ပြည်တော်သို့ပြန်ကြွချီရာဝယ်စံကျောင်းတော်မှ တောင်အရပ် တစ်မိုင်ခန့်အကွာတွင် ဆုတောင်းပြည့်ဘုရား ၊ လွမ်းစေတီဘုရား ဘုရားနှစ်ဆူတည်ထားခဲ့ပါသည်။ ဘုရားနှစ်ဆူ မနီးမဝေးအရပ်တွင် အဇာတသတ်မင်းကြီး စစ်တပ်ချ နားနေရာကို ၊အဇာတသတ်ကွင်းဟု ယနေ့တိုင်ခေါ်ဝေါ်နေပြီး ၊ တောတောင်အလယ်တွင် ဖြစ်လင့်ကစားမည်သည့် သစ်ပင်ကြီး၊ ဝါးပင်ကြီးများ မပေါက်ရောက်ဘဲ ကွင်းပြင်ကြီး အဖြစ် ကျန်ရစ် သည်ကိုအံ့သြဖွယ်တွေ့မြင်ရပါသည်။

www.burmeseclassic.com



လှိုကြော်ဂူတံခါးပွင့်ချိန်ဖူးတွေ့ရစဉ်




လှိုကြော်ဂူတံခါးမပွင့်ချိန်ဖူးတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com






လှိုဏ်ဂူတော်ထူးခြားဖွင့်စဉ်လူအများဖူးတွေ့ ရပုံ

www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်ဂူဝမှရောင်ခြည်တန်းများ



www.burmeseclassic.com


www.burmeseclassic.com



လှိုဏ်ဂူတော်ဝထူးခြားစွာတွေ့ ရသောကျွန်းတုံးကြီး

www.burmeseclassic.com

www.burmeseclassic.com




သစ္စာရေတွင်း

www.burmeseclassic.com

www.burmeseclassic.com



အမျှဝေရန်ကြေးစည်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

## ဖွင့်လင်းရာသီ ဖူးမြော်နိုင်သည်

တော အထပ်ထပ် တောင် အသွယ်သွယ် ချောင်းကြီး ချောင်းငယ် များကို ဖြတ်ကျော် ပြီး - သွားရောက် ရသည့် အတွက် အလောင်းတော် ကဿပ သို့ သွားရောက် ဖူးမျှော် လိုသော ဘုရားဖူး ပါရမီရှင်များသည် ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး(ဇန်နဝါရီ၊ဖေဖော်ဝါရီ၊မတ်လ ဧပြီလ) လများတွင်သာ သွားရောက်ဖူးမျှော် နိုင်ကြပါသည်။

ဘုရားဖူးသွာရောက်နိုင်သော အချိန်ကာလကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ သတင်းစာ၊ ဂျာနယ် များတွင်း အသိပေးကြော်ငြာပါသည်။

ဘုရားဖူးပါရမီရှင်များ အဆင်ပြေစွာ နေထိုင်တည်းခိုနိုင်ရေးအတွက် ဖိုဝင်တောင်ပုပ္ပါးကျောင်း ဆရာတော် အမှူးပြုသော သံဃနာယက ဂေါပက အဖွဲ့အစည်းများက စီစဉ်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်အရှင်မဟာကဿပစံကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com

## ခရီးလမ်းသွယ် – နှစ်သက်ရာရွေးချယ်

၁။မုံရွာ – ဖိုလ်ဝင်တောင် – ယင်းမာပင်မြို့ – ကပိုင် လမ်းမှသွားရောက်ဖူးမျှော်နိုင်သည်၊

၂။မုံရွာချင်းတွင်းတံတားကိုဖြတ်၊ယာကြီး – ကလေးဝလမ်းအတိုင်း(၁၅)မိုင် အရောက်တွင်တရော်ကျင်းမှ ကပိုင်လမ်းအတိုင်း သွားရောက်ဖူးမျှော်နိုင်သည်၊

၃။ပုဂံ – ညောင်ဦး – ပုပ္ပါး – ရွှေစက်တော် ဘုရားဖူးလာသော ပါရမီရှင် များသည် ပုလဲမြို့မြောက်ဘက် ယင်းမာပင်မြို့နယ် – လည်ငေါက် စံပြ ကျေးရွာ ရွှေဆံပင် လမ်း မှ ကပိုင်သို့ သွားရောက် ဖူးမျှော်နိုင်ကြပါသည်။

## သွားလာချိန်မှာ သတိပြုပါ


၁။ဘုရားဖူးပါရမီရှင်များ အလောင်းတော် ကဿပသို့သွားရောက်ဖူးမျှော်ရာတွင်မကြာခဏလမ်းမှားကြသောကြောင့် လမ်းညွှန်ဆိုင်းဘုတ်များကို ကြည့်ရှုလေ့လာသွားကြရန် နှင့်

၂။ကပိုင်ရဲဌာန – တာဝန်ရှိပုဂ္ဂိုလ်များ – အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် တာဝန်ရှိ သူများ မှ ကပိုင်ရွာ အလောင်းတော်ကဿပ တောင်တက်လမ်းကိုအန္တရာယ်ကင်းဝေးစေရန် နံနက်(၄)နာရီ မှ ညနေ (၆)နာရီအတွင်းသာ သွားလာခွင့်ပြုပါသည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကုဋ္ဌာသယ ကိုးနဝင်းစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံဘုရား

www.burmeseclassic.com

www.burmeseclassic.com





ရန်ငြိမ်းအောင်စေတီ

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# စုပေါင်းပူဇော် – မြတ်ပွဲတော်

၁။ ဘဒ္ဒန္တသုမန (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဗိုဝင်တောင်ပုပ္ပါးကျောင်း ပဓါနဆရာတော်၊ (အလောင်းတော်ကဿပနာယကဆရာတော်) မှ နှစ်စဉ်ကြီးမှူးကျင်းပသော အလောင်းတော်ကဿပရင်ပြင်တော် တပို့တွဲ ထမနဲဆက်ကပ်ပွဲတော်၊ ဆီမီးကိုးထောင်ပွဲတော်၊ သိင်္ဂါထပ်၊ သိမ်ဆင်း ဆွမ်းလောင်းပွဲတော်သို့ ဖူးမြော်ပူဇော်လှူဒါန်းလိုကြသော ပါရမီရှင်များသည် တပို့တွဲလဆန်း (၁၂) ရက်အရောက် ဗိုဝင်တောင်ပုပ္ပါးကျောင်း သို့ လာရောက်ကြပါရန်.....

၂။ အနယ်နယ် အရပ်ရပ်မှ စုပေါင်းလောင်းလှူသော တပေါင်းလပြည့် ဆွမ်းလောင်းပွဲတော်ကြီးသို့ လောင်းလှူပူဇော်လိုကြသော ပါရမီရှင်များသည် အလောင်းတော်ကဿပရင်ပြင်တော်သို့ တပေါင်းလဆန်း (၁၄) ရက်နေ့ လာရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အရှင်မဟာကဿပမထေရ်မြတ်ကြီးအား
ဦးခိုက်ပူဇော်လျက်
သလ္လာ ကိုလေးကြည်
၁၄-၁-၂၀၁၃

ကျမ်းကိုး
မဟာဗုဒ္ဓဝင် - ဆဋ္ဌမတွဲ (ပထမပိုင်း)
ရှေးဟောင်းအလောင်းတော်ကဿပ သမိုင်းစာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလ ဆွမ်းလောင်းပွဲတော်

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်အကြောင်းအရာ မာတိကာ


ကျေးဇူးဂုဏ်အင် မှတ်တမ်းတင်
၁။ အရှင်မဟာကဿပဓါတ်ထေရုပ်တွံ့ (ဆုမြတ်တောင်ခံ ဖူးဖိတ်ပန်)
၂။ ဖြစ်တည်ခဲ့ရ လူ့ဘဝ
မဂ်ဖိုလ်ရည်မှန်း တောထွက်ခန်း
၃။ ဘုရားကြိုးဆို - မြတ်ပုဂ္ဂိုလ်
၄။ မြတ်စွာဘုရား အရှင်မဟာကဿပအား ပေးတော်မူသောအဆုံးအမ ဩဝါဒသုံးပါး
၅။ ဒုကုဋ်သင်္ကန်း လဲလှယ်ခန်း
၆။ ဒုကုဋ်သင်္ကန်း လဲလှယ်ရခြင်း အကြောင်းအရင်း
၇။ ဓုတင်္ဂရ ရဟန္တာ ထေရ်မြတ်မဟာ
၈။ ထေရ်မြတ်ဂုဏ်ရည် ကြည်ညိုမဆုံးပြီ
၉။ ထေရ်မြတ်ရဟန်း ပရိနိဗ္ဗာန်စံခန်း
၁၀။ အံ့မှုယ်အထွေထွေ - ဝံရာမြေ
၁၁။ ပွင့်လင်းရာသီး ဖူးမျှော်နိုင်သည်
၁၂။ ခရီးလမ်းသွယ် - နှစ်သက်ရာရွေးချယ်
သွားလာချိန်မှာ သတိပြုပါ
၁၃။ စုပေါင်းပူဇော် - မြတ်ပွဲတော်

သဉ္ဇာကိုလေးကြည်

# သာသနာ့ရွှေအောင်မြေ



အလောင်းတော်ကဿပ သမိုင်းနှင့်ထူးခြားဖြစ်စဉ်များ



www.burmeseclassic.com